# ဇာတကာ၏ပြဇာနှင့်မြန်မာစာပေ
# (ပုဂံ၊ ပင်းယ၊ အင်းဝခေတ်)

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မသင်းမာအေး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဗုဒ္ဓစာပေလာ ငါးရာ့ငါးဆယ်ဇာတကဇာတ်တော်များသည် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာနှင့်အတူ ရောက်ရှိလာခဲ့ပါသည်။ ထိုသို့ရောက်ရှိလာသောအခါ ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓစာပေကိုပြန့်ပွားအောင် ဆောင်ရွက်ကြရာမှ ဗုဒ္ဓစာပေလာငါးရာ့ငါးဆယ်ဇာတ်တော်များသည် မြန်မာစာပေ ယဉ်ကျေးမှု နယ်ပယ်အတွင်း နေရာယူလာနိုင်ခဲ့ပါသည်။ မြန်မာစာပေ နယ်ပယ်တွင်မူ ပုဂံခေတ်မှ စတင်၍ မင်စာ၊ စဉ့်ကွင်းစာများကို ငါးရာ့ငါးဆယ်ဇာတ်တော်ဆိုင်ရာ မြန်မာစကားပြေအရေး အသားများအဖြစ် တွေ့ရှိရပါသည်။ ပင်းယခေတ်တွင်မူ ဇာတကစာပေများကို မတွေ့ရှိရပေ။ အင်းဝခေတ်သို့ရောက်သောအခါ ကဗျာလင်္ကာဖွဲ့ဆိုမှု အားကောင်းလာပြီး ဇာတကဇာတ်တော်များကို ပျို့ကဗျာအသွင် ဖွဲ့ဆိုမှုများ ထွန်းကားလာပါသည်။ ဇာတကပျို့များအမြောက်အမြား ပေါ်ထွန်းလာခဲ့သည်။ ထိုသို့ဇာတက ဇာတ်တော်များကို စာတစ်စောင်ပေတစ်ဖွဲ့အဖြစ် ရေးဖွဲ့ကြသည်သာမက မိမိတို့ရေးဖွဲ့သော အကြောင်းအရာတစ်ခုကို ပိုမိုနှစ်သက်ဖွယ်ဖြစ်စေရန် ပေါ်လွင်စေရန် ခိုင်မာလေးနက်စေရန် အတွက်လည်း ငါးရာ့ငါးဆယ်ဇာတကဇာတ်တော်များကို စာပေအဆင်တန်ဆာအဖြစ် ထည့်သွင်းအသုံးပြု ရေးဖွဲ့ကြပါသည်။ ထို့ကြောင့် ငါးရာ့ငါးဆယ်ဇာတ်တော်များသည် ပုဂံ၊ ပင်းယ၊ အင်းဝခေတ် မြန်မာစာပေ နယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့်နေရာယူလာနိုင်ခဲ့သည်။ ထိုကဲ့သို့ နေရာယူလာနိုင်ခဲ့သည့်အပြင် ငါးရာ့ငါးဆယ်ဇာတကဇာတ်တော်အကြောင်းအရာများသည် လူအများအတွက် စံပြုရန် သင့်တော်သည့်အကြောင်းအရာများဖြစ်ခြင်း၊ စာဆိုတို့၏ ဖန်တီးမှုစွမ်းရည်တို့အလိုက် နှစ်သက်ဖွယ်ဖြစ်လာခြင်း၊ မှတ်သားနာယူဖွယ်အကြောင်းရပ်များကို ပေးစွမ်းနိုင်ခြင်းတို့ကြောင့် စွဲမက်ခဲ့ကြပါသည်။ နှစ်သက်စွဲမက်ရာမှ ငါးရာ့ငါးဆယ် ဇာတ်တော်များလာ အသိပညာ၊ အတွေးအခေါ် အယူအဆများကို လက်ခံလာကြသည်။ လိုက်နာကျင့်သုံးလာကြသည်။ ထိုသို့ဖြင့် ဇာတက ဇာတ်တော်များ၏ ဩဇာလွှမ်းမိုးမှုကြောင့် ငါးရာ့ငါးဆယ်ဇာတ်တော်များကို အခြေခံ ရေးသားသည့် စာပေအမျိုးအစားအများအပြားပေါ်ထွန်းလာပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဇာတကဇာတ်တော်များကို ပျို့ကဗျာ အသွင်ဖွဲ့ဆိုခဲ့ခြင်းဖြင့် ပျို့ကဗျာလမ်းကြောင်းကို ဖောက်လုပ်ပေး နိုင်ခဲ့သည်။ ပျို့စာဆိုများအတွက် အကြောင်းအရာနယ်ပယ် ကျယ်ဝန်းလာစေခဲ့သည်။ ငါးရာ့ငါးဆယ်ဇာတ်တော်များနှင့် ဆိုင်သော မြန်မာဝေါဟာရများတိုးပွားလာစေခဲ့သည်။ မြန်မာလူမျိုးတို့၏ ကိုယ်ကျင့်သိက္ခာ၊ စိတ်နေ စိတ်ထားတို့ကို ပြုပြင်ပေးနိုင်ခဲ့ပါသည်။ ထိုသဘောများကို ဇာတကဇာတ်တော်ဆိုင်ရာစာပေအဖွဲ့အနွဲ့များမှ ထုတ်နုတ်တင်ပြရေးသားထားပါသည်။